ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

(၅၂)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၂)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၅၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၂)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၁၉၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၇.၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၅၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ်

အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၅၂)ရက်မြောက်နေ့ ၃၀-၈-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ်က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးစိုင်းအုန်းကျော်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနိုင်ကိုကို၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ မျက်စိကုသရန်။ ဒေါ်လွီးဇာ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကျန်းမာရေးနှင့် ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကျန်းမာရေးတို့ပဲ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂၄)ဦးနှင့် ယနေ့ခွင့်ပန်ကြားသူ(၄)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၂၈)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ်သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့်ခွင့်ပြုထားသူ(၂၄)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ(၂၈)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့ မြန်မာ့မီးရထား တိုင်းအမှတ်(၉) နယ်မြေအတွင်းရှိ ပျက်စီး နေသော မီးရထားကုန်ရုံလမ်းအား ယခုဘဏ္ဍာနှစ်အတွင်း ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ ယခု ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း က ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့ မြန်မာ့မီးရထား တိုင်းအမှတ်(၉) နယ်မြေအတွင်းရှိ ပျက်စီး နေသော မီးရထားကုန်ရုံလမ်းအား ယခုဘဏ္ဍာနှစ်အတွင်း ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးထိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်း ဒေသကြီး အမှတ်(၄)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထိန်ဝင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့မှာ မြန်မာ့မီးရထား တိုင်းအမှတ်(၉) ရုံးစိုက်တဲ့မြို့ ဖြစ်ပါတယ်။ မီးရထားဝင်းအတွင်းမှာ မီးရထားသံလမ်းနှင့်အပြိုင်

ဖောက်လုပ်ထားတဲ့ မီးရထားကုန်ရုံလမ်းရှိပြီးတော့ အဆိုပါကုန်ရုံလမ်းဟာ ကျွန်တော်တို့ ဟင်္သာတဘူတာဘက်ကနေပြီးတော့ ဟင်္သာတမြို့၊ တာကလေးရပ်ကွက် သံလမ်းဆုံအနီး မဟာဗန္ဓုလလမ်းကို ဆက်သွယ်ထားတဲ့လမ်း ဖြစ်ပါတယ်။ အဲဒီလမ်းရဲ့ ဘူတာဘက်ခြမ်းမှာ ရှိနေတဲ့နေရာမှာ စခန်းသာဘူတာဈေးရှိပြီးတော့ အဲဒီဈေးရှေ့မှာပဲ အနံ့အသက်မကောင်းတဲ့ ရေဆိုးတွေက လမ်းပေါ်ချိုင့်ခွက်များမှ ရေအိုင်သဖွယ် ဖြစ်နေပါတယ်။ အဲဒီလမ်းတစ်လျှောက်မှာလည်း ကျင်းတွေ၊ ချိုင့်တွေနဲ့ ဖြစ်ပေါ်ပြီးတော့ ဆိုးရွားစွာ ပျက်စီးချို့ယွင်းလျက် ရှိနေပါတယ်။ ကျွန်တော်တို့ ဟင်္သာတမြို့ဟာ ဧရာဝတီတိုင်းမှာတော့ လူဦးရေအထူထပ်ဆုံးနဲ့ ခရီးသွားလာမှုအများဆုံး မြို့ဖြစ်သလို လယ်ယာထွက်ကုန်ပစ္စည်းတွေဖြစ်တဲ့ ဆန်စပါး၊ ပဲ၊ ပြောင်းစတဲ့ ပစ္စည်းတွေကို အများဆုံးတင်ပို့ရောင်းချနေတဲ့ ခရိုင်မြို့ကြီးတစ်မြို့ဖြစ်တဲ့အတွက် မြို့တွင်းမှာရှိတဲ့ လမ်းတွေရော၊ မြို့ပြင်မှာရှိတဲ့ လမ်းတွေကိုပါ ကျွန်တော်တို့ ကောင်းအောင်လို့ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များနဲ့ ညှိနှိုင်းတိုင်ပင်ပြီးတော့ ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါတယ်။ အဲဒီပျက်စီးနေတဲ့ မီးရထားကုန်ရုံလမ်းကို မြို့တွင်းထဲမှာရှိနေတဲ့ အခြားသော ကွန်ကရစ်လမ်းတွေလို ကွန်ကရစ်လမ်းခင်းပေးနိုင်မယ်ဆိုလို့ရှိရင် မြို့တွင်းမှာရှိတဲ့ လမ်းကွန်ရက်တွေနဲ့ ချိတ်ဆက်မိပြီးတော့ ကား၊ ဆိုင်ကယ်၊ စက်ဘီးတွေ အချိန်တိုအတွင်း ဖြတ်သန်းသွားလာနိုင်မှာ ဖြစ်သလို မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှုကိုလည်း လျှော့နည်းသက်သာစေမှာ ဖြစ်ပါတယ်။ အဲဒီကုန်ရုံလမ်းကို ကျွန်တော်တို့ ကွန်ကရစ်လမ်း ခင်းပေးနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာကို ကျွန်တော်ကိုယ်တိုင်သွားရောက်ပြီးတော့ ဆွေးနွေးညှိနှိုင်းတဲ့အခါမှာ ဒီလမ်းဟာ မီးရထားဝင်းထဲမှာရှိတဲ့လမ်း ဖြစ်နေတယ်။ ကုန်ကျစရိတ်ကလည်း အများကြီး ကုန်ကျနိုင်တဲ့အတွက် မီးရထားတာဝန်ရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးက တင်ပြပါဆိုပြီးတော့ ဒီလိုမျိုးပြန်ကြားလာပါတယ်။

အဲဒီအတွက် လွန်ခဲ့တဲ့ ၇-၁-၂၀၁၇ ရက်နေ့က ကျွန်တော်တို့ ဟင်္သာတမြို့ကို ရောက်ရှိလာတဲ့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ရောက်ရှိလာတဲ့အခါမှာ ကျွန်တော်ကိုယ်တိုင် တွေ့ဆုံပြီးတော့ ဒီမီးရထားကုန်ရုံလမ်းကို ကွန်ကရစ်ခင်းပေးပါလို့ တောင်းဆိုတဲ့အခါမှာ မီးရထားဝန်ကြီး ကိုယ်တိုင်ကလည်း တာဝန်ရှိတဲ့ မီးရထားဌာနက မြို့ပြအင်ဂျင်နီယာဌာနက တာဝန်ရှိသူကို လမ်းညွှန်ခဲ့တာ ရှိပါတယ်။ အဲဒီတော့ မီးရထား မြို့ပြဌာနကလည်းပဲ ဒါကို သေသေချာချာ တိုင်းထွာတယ်။ ပေပေါင်း(၂၆၃၅)ပေ ရှိတယ်။ အကျယ် (၁၈)ပေနဲ့ ထု(၉)လက်မ ခင်းပါမယ်။ ကုန်ကျစရိတ် ဘယ်လောက်ရှိတယ်ဆိုတာ တွက်ချက်ပြီးတော့ ဝန်ကြီးဌာနကို ပို့ဆောင်ထားတယ်လို့ သိရှိရသော်လည်းပဲ ယနေ့အချိန်ထိ ထူးခြားမှုမရှိသေးတဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ကျွန်တော်တို့ ဟင်္သာတမြို့၊ တိုင်းအမှတ်(၉) မီးရထားဌာနအတွင်းထဲမှာ ရှိနေတဲ့ မီးရထားကုန်ရုံလမ်းကို ယခုဘဏ္ဍာရေးနှစ်အတွင်းမှာ ကွန်ကရစ်လမ်းခင်းပေးနိုင်ခြင်း ရှိ/မရှိ လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။　　။ မေးခွန်းနဲ့ ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၈။**

**ဦးကျော်မျိုး (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး၊ ဒုတိယဝန်ကြီးများနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း ၏ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့ မြန်မာ့မီးရထား တိုင်းအမှတ်(၉) နယ်မြေအတွင်းရှိ ပျက်စီးနေသော မီးရထားကုန်ရုံလမ်းအား ယခုဘဏ္ဍာရေးနှစ်အတွင်း ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုး မှ ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား တိုင်းအမှတ်(၉) နယ်မြေ ဟင်္သာတဘူတာယာဒ်ဝင်းအတွင်းရှိ ကုန်ရုံလမ်းဟာဆိုရင် (၂၆၃၆)ပေ ရှည်လျားပါတယ်။ ကုန်ရုံလမ်းရဲ့ တစ်ဘက်တစ်ချက်မှာ ဘူတာဈေး၊ ဝန်ထမ်းလိုင်းခန်းများနဲ့ ယခင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC) ၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ထားသော မြန်မာ့မီးရထားပိုင် ဆိုင်ခန်းများ တည်ရှိပါတယ်။ ဟင်္သာတဘူတာ၌ ယခင်က ဆန်၊ ဘိလပ်မြေနဲ့ ခြံထွက်သီးနှံများကို အဓိကထားပြီး မီးရထားဖြင့် သယ်ယူပို့ဆောင်ရာတွင် အဲဒီလမ်းကို အသုံးပြုခဲ့ပါတယ်။ ကုန်ရုံမှာ လွန်ခဲ့တဲ့ နှစ်(၂၀)ခန့်ကတည်းက တွဲလုံးပြည့် ကုန်တင်၊ ကုန်ချလုပ်ငန်းများ မရှိတော့တဲ့အတွက် အဲဒီကုန်ရုံကို (MIC) ၏ ခွင့်ပြုချက်ဖြင့် ဆိုင်ခန်းများအဖြစ် မြန်မာ့မီးရထားမှ အငှားချထားခဲ့ပါတယ်။ လက်ရှိ ဘူတာဆိုင်ခန်းပိုင်ရှင်များ၊ ဆန်ပွဲရုံပိုင်ရှင်များက ၎င်းတို့ပိုင် ကုန်တင်ကားကြီးများဖြင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် အဆိုပါ ကုန်ရုံလမ်းအား အသုံးပြုလျက်ရှိတဲ့အတွက် ယခုလို ချိုင့်ခွက်များဖြင့် ယိုယွင်းပျက်စီးလျက် ရှိနေခြင်း ဖြစ်ပါတယ်။

ကုန်ရုံလမ်းကို ၂၀၀၉-၂၀၁၀ ခုနှစ်မှာ မြန်မာ့မီးရထားမှ (၆)လက်မ၊ (၉)လက်မ ကျောက်ကြီးများ ပံ့ပိုးပေးပြီး ဟင်္သာတမြို့နယ် စည်ပင်သာယာရေးကော်မတီမှ ဦးဆောင်၍ တစ်ကြိမ် ပြုပြင်ထားခဲ့ပါတယ်။ ကုန်ရုံလမ်းမှာ လက်ရှိပေါက်ပြဲနေတဲ့ ချိုင့်ခွက်(၇၀)နေရာခန့်ကို ပြန်လည်ပြုပြင်မည်ဆိုပါက ခန့်မှန်းငွေကျပ်(၉.၆၇)သန်း ကုန်ကျမည်ဖြစ်ပါတယ်။ ကုန်ရုံလမ်းအတွင်း ကားများ ဝင်/ထွက်သွားလာမှုအဆင်ပြေစေရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပွင့်လင်းရာသီတွင် ပေါက်ပြဲနေတဲ့ ချိုင့်ခွက်များ ပြန်လည်ပြုပြင်ခြင်းကို မြန်မာ့မီးရထား၊ မြို့ပြအင်ဂျင်နီယာဌာန သာမန်အသုံးစရိတ်ရန်ပုံငွေမှကျခံ၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါတယ်။ ကုန်ရုံလမ်းကို ရေရှည်ကောင်းမွန်ရန် ကွန်ကရစ်လမ်းခင်းမည်ဆိုပါက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသလို ကျွန်တော်တို့ မြန်မာ့မီးရထားတိုင်းအမှတ်(၉)က တိုင်းတာတွက်ချက်မှုများအရ ခန့်မှန်းငွေကျပ် သန်း(၁၂၀)ကျော် ကုန်ကျမှာ ဖြစ်ပါတယ်။ မြန်မာ့မီးရထားအနေနဲ့ ခရီးသွားအများပြည်သူနဲ့ ကုန်စည်စီးဆင်းမှု အဆင်ပြေစေရေးအတွက် ရထားများကို နှစ်စဉ်အရှုံးခံ၍ ပြေးဆွဲပေးလျက်ရှိပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-

၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ (၄)နှစ်တာကာလအတွင်း ချေးငွေအတိုးပေးဆပ်မှုများ မပါဘဲ (Operating Ratio) (၁၆၀.၈၅)ရာခိုင်နှုန်းဖြင့် တစ်နှစ်ပျမ်းမျှကျပ်(၃၉.၃၇၆)ဘီလီယံ ရှုံးခဲ့ပါတယ်။ အတိုးပေးဆပ်မှုတွေပါ ထည့်တွက်မယ်ဆိုရင်တော့ [Operating Ratio (၁၈၇.၉၂) ရာခိုင်နှုန်း] ဖြင့် တစ်နှစ်ပျမ်းမျှကျပ်(၅၆.၇၁၇)ဘီလီယံ ရှုံးခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားအနေဖြင့် နှစ်စဉ်ခွဲဝေရရှိသည့် ရန်ပုံငွေဖြင့် ခရီးသည်နှင့် ကုန်စည်ရထားများ ဘေးကင်းလုံခြုံစိတ်ချစွာ သွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားလမ်းပိုင်းနှင့် တံတားများ အဆင့်မြှင့်တင်ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို အဓိက ဦးစားပေး ဆောင်ရွက်နေရပါသဖြင့် ရထားလုပ်ငန်းအတွက် အသုံးပြုခြင်း မရှိတော့သည့် ဟသ်ာတမြို့ မီးရထားကုန်ရုံလမ်းအား ကွန်ကရစ်လမ်းခင်း ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် သွားလာမှု ကောင်းမွန်စေရေးအတွက် ပြုပြင်ခြင်းလုပ်ငန်းများကိုသာ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက်ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ မိမိအစီအစဉ်ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ အလယ်ဖရုံကာကျွန်း၊ ပိန်နဲချောင်းအုပ်စု၊ မည‌င်းကိုင်းကျေးရွာရှိ ဟောင်းနွမ်းပျက်စီးနေသော သစ်သားတံတားကို RC ကွန်ကရစ် တံတားသစ်အဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင် က ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ အလယ်ဖရုံကာကျွန်း၊ ပိန်နဲချောင်းအုပ်စု၊ မည‌င်းကိုင်းကျေးရွာရှိ ဟောင်းနွမ်းပျက်စီးနေသော သစ်သားတံတားကို RC ကွန်ကရစ် တံတားသစ်အဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ပဲ နှုတ်ဆက်ပါတယ်။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသား

လွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ပေါက်တောမြို့နယ်၊ အလယ်ဖရုံကာကျွန်း၊ ပိန်နဲချောင်းအုပ်စုရှိ မညင်းကိုင်းကျေးရွာ၌ ဟောင်းနွမ်းပျက်စီးနေသော သစ်သားတံတားအား RC ကွန်ကရစ် တံတားသစ်အဖြစ် တည်ဆောက်ပေးရန် ပြည်ထောင်စုအစိုးရတွင် အစီအစဉ် ရှိ/မရှိ မေးလိုတဲ့ မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ပေါက်တောမြို့နယ်၊ အလယ်ဖရုံကာကျွန်း၊ ပိန်နဲချောင်းအုပ်စု မညင်းကိုင်းကျေးရွာဟာ အိမ်ခြေ(၄၈၀) ကျော်နဲ့ လူဦးရေ(၂၉၀၀)ကျော်ခန့်ရှိသော ကျေးရွာကြီးတစ်ရွာလည်း ဖြစ်ပါတယ်။ မညင်းကိုင်းကျေးရွာအနီးတွင် မိုးရာသီ ရေစီးအလွန်ပြင်းထန်ပြီး တောင်ကျစီးဆင်းအားကောင်းသော ပေ(၉၀)ခန့်ကျယ်သော ချောင်းတစ်ချောင်းလည်း ရှိပါတယ်။ ဒီချောင်းကို ဖြတ်ကျော်နိုင်ရန်အတွက် ကျေးရွာသူ၊ ရွာသားများအနေဖြင့် ကိုယ်ထူကိုယ်ထစနစ်နှင့် သစ်သားတံတား(၁)စင်းကို လွန်ခဲ့တဲ့ နှစ်(၂၀)လောက်က တည်ဆောက်ခဲ့ပါတယ်။ အဆိုပါတံတားဟာ မညင်းကိုင်းကျေးရွာ တစ်ခုတည်းသာ မဟုတ်ဘဲ အနီးပတ်ဝန်းကျင် ကျေးရွာအုပ်စုများဖြစ်သော မြင့်ဂါအုပ်စု၊ ကျောက်တောင်အုပ်စု၊ ဖဒူအုပ်စု ကျေးရွာသားများ အားလုံးတို့၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ကိစ္စရပ်များအတွက် စစ်တွေမြို့နဲ့သော်လည်းကောင်း၊ ပေါက်တောမြို့နဲ့သော်လည်းကောင်း ဆက်သွယ်သွားလာရတာ အဲဒီတံတားကို အဓိကထားပြီးတော့ အသုံးပြုရပါတယ်။ ယခုအခါ အဆိုပါတံတားမှာ ကာလကြာရှည်သည့်အလျှောက် ယိုယွင်းပျက်စီးနေပြီး ကျေးရွာသူ၊ ကျေးရွာသားများ သွားလာရေး လွန်စွာခက်ခဲနေပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီတံတားနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်ကိုယ်တိုင် ပထမအကြိမ် ရခိုင်ပြည်နယ် လွှတ်တော် ဒသမပုံမှန်အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးခွန်းအဖြစ် ကျွန်တော်ကိုယ်တိုင် မေးမြန်းခဲ့ပါတယ်။ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား စည်ပင်ဝန်ကြီးက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၌ ရခိုင်ပြည်နယ် အစိုးရရန်ပုံငွေအရ လျာထားဆောင်ရွက်သွားမယ်ဖြစ်ကြောင်း ကတိကဝတ် ဖြေကြားခဲ့တဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်၌ ပြည်နယ်အစိုးရ ရန်ပုံငွေတွင် အဆိုပါ ချောင်းကူးတံတားအား သံကူကွန်ကရစ်တံတား (၈၀x၁၂x၁၅)ပေတည်ဆောက်ပေးရန် (၈၀.၀၀)ငွေကျပ်သန်းကိုလည်း ရခိုင်ပြည်နယ်အစိုးရမှ ရခိုင်ပြည်နယ်လွှတ်တော်သို့ တောင်းခံခဲ့တာကိုလည်း ကျွန်တော်ကိုယ်တိုင် သိခဲ့ရပါတယ်။ သို့သော်လည်း ရန်ပုံငွေ လုံလောက်မှုမရှိသည့်အတွက် ဒီလုပ်ငန်းဟာ အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးတာကို ယနေ့ တွေ့မြင်ရတာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပေါက်တောမြို့နယ်၊ အလယ်ဖရုံကာကျွန်း၊ ပိန်နဲချောင်းအုပ်စုရှိ မညင်းကိုင်းကျေးရွာ၌ ဟောင်းနွမ်းပျက်စီးနေသော သစ်သားတံတားအား RC ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့တွင် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရသေ့တောင်မြို့နယ်၊ မူစဲကျွန်းပေါ်ရှိ ဇီးကိုင်းဘက် ကူးတို့ဆိပ်ကမ်းမှ နှမ်းခင်းကျေးရွာထိ လမ်းပိုင်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်တိုးမြှင့် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် က ရသေ့တောင်မြို့နယ်၊ မူစဲကျွန်းပေါ်ရှိ ဇီးကိုင်းဘက် ကူးတို့ဆိပ်ကမ်းမှ နှမ်းခင်းကျေးရွာထိ လမ်းပိုင်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်တိုးမြှင့် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ အားလုံး မင်္ဂလာပါ။ အားလုံးကို လေးစားပါတယ်။ ကျွန်တော်ကတော့ ဦးခင်မောင်လတ် ဖြစ်ပါတယ်။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်တွေမြို့မှ ရသေ့တောင်မြို့ဟာ မိုင်(၃၀)ဝေးပါတယ်။ စစ်တွေမြို့က ရသေ့တောင်မြို့ကိုသွားရင် အတိုဆုံးခရီးက ကုန်းလမ်းခရီးပါ။ (၁)နာရီခွဲပဲ ကြာပါတယ်။ ကုန်းလမ်းဆိုပေမယ့်လည်း မြစ်ကြီး၊ ချောင်းကြီး(၃)ခုကို ကူးတို့နဲ့ ဖြတ်ကူးရပါသေးတယ်။ ဒီလမ်းကို သုံးတဲ့အခါ မူစဲကျွန်းပေါ်က ကျောက်ချောလမ်းအတိုင်း သွားရပါတယ်။ အဲဒီလမ်းဟာ (၉)မိုင် ရှည်ပါတယ်။ ဒီကျောက်ချောလမ်းကို အင်္ဂလိပ်ခေတ်ကတည်းက ဖောက်လုပ်ခဲ့တာ ဖြစ်ပါတယ်။ အင်္ဂလိပ်ခေတ် ပြီးတော့၊ ဖ.ဆ.ပ.လခေတ် ပြီးတော့၊ လမ်းစဉ်ပါတီခေတ် ပြီးတော့၊ တပ်မတော်အစိုးရ ခေတ်၊ နောက် USDP ခေတ်၊ အခု NLD ခေတ်ဆိုရင် ခေတ်ကြီး(၆)ခေတ်ကို ဖြတ်သန်းခဲ့ပြီးပါပြီ။ အခုလည်း ကျောက်ချောလမ်းအဆင့်ပဲ ရှိနေပါသေးတယ်။ ခေတ်အဆက်ဆက် ဒီလမ်းပေါ်မှာ ကုန်ကျ ခဲ့တဲ့ပိုက်ဆံနဲ့ ဒီလမ်းကို ရွှေချလို့ရတယ်ဆိုပြီးတော့ ရှေးလူကြီးတွေက ပြောခဲ့ပါတယ်။ ဒီလမ်းပေါ်မှာ အရေးကြီးတဲ့ တံတား(၂)စင်း ရှိပါတယ်။ ဦးဂါရွာရဲ့ မြောက်ဘက်တံတားနဲ့ ကူတောင်ရွာရဲ့ မြောက်ဘက်တံတား(၂)စင်းဖြစ်ပါတယ်။ ဒီတံတား(၂)စင်းကို လမ်းစဉ်ပါတီခေတ်က ပျဉ်းကတိုးသစ်နဲ့ တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။ တံတားဟောင်းနွမ်းလာတဲ့အတွက် ပြီးခဲ့တဲ့အစိုးရက ပြန်လည် တည်ဆောက်ပေးပါတယ်။ ပ.ဆ.င ရဲ့ နည်းစနစ်အရ ပျဉ်းကတိုးကိုသုံးရမှာ ဖြစ်ပေမယ့်လည်း သစ်အညံ့တွေကို သုံးခဲ့တဲ့အတွက် တာရှည်မခံပါဘူး။ မိုးများတဲ့ ကျွန်တော်တို့ဒေသမှာ ပြည်သူ့ ဘဏ္ဍာငွေတွေ သိန်းပေါင်းများစွာ ဆုံးရှုံးခဲ့ပါတယ်။ လေးနှစ်ပဲခံပါတယ်။ ဒီတံတားဟာ တဖြည်းဖြည်း ပျက်စီးလာပါတယ်။ ဒါပေမဲ့ ကားနဲ့ မော်တော်ဆိုင်ကယ်တွေ သွားလို့ရပါသေးတယ်။

အခုအစိုးရတက်စမှာ ဒီတံတား(၂)စင်းကို ဖျက်လိုက်ပါတယ်။ လွန်ခဲ့တဲ့ မိုးတွင်းမှာပါ။ တံတားဖျက်ဖို့ လူထုကို အသိမပေးခဲ့ပါဘူး။ အနားက ကျေးရွာအုပ်ချုပ်ရေးမှူးတွေကိုလည်း အသိ မပေးခဲ့ပါဘူး။ ကျွန်တော်တို့ လွှတ်တော်အမတ်တွေကိုလည်း အသိမပေးပါဘူး။ ကျွန်တော်ဆိုရင် ဒီလမ်းကိုသွားနေတာ နှစ်ပေါင်း(၃၅)နှစ် ရှိနေပါပြီ။ ဒါနဲ့ ပြည်သူတွေ မိုးတွင်းမှာ တော်တော်ဒုက္ခ ရောက်သွားပါတယ်။ (၉)မိုင်ရှည်တဲ့လမ်းမှာ ကူးတို့ကူးပြီးတော့ မော်တော်ကား(၃)တန် ပြောင်းပြီးတော့

စီးရပါတယ်။ ခရီးစရိတ်ကလည်း (၂)ဆကုန်သွားပါတယ်။ ဆောက်လုပ်ရေးဌာနဟာ မိုးတွင်းမှာ တံတားတွေကို ဖျက်တာ၊ အသစ်ပြန်လည်တည်ဆောက်တဲ့ အလေ့အထမရှိပေမဲ့ ကုမ္ပဏီများ အားပြိုင်တဲ့အခါ မိုးတွင်းကာလမှာ ဖျက်လိုက်ရတာ ဖြစ်ပါတယ်။ ဒါက ပြည်နယ်အစိုးရလေလံပွဲက လုပ်လိုက်တာဖြစ်ပါတယ်။ (၂)လလောက်ပစ်ထားပြီးမှ ပြန်လည်တည်ဆောက်ပေးပါတယ်။ ဆောင်းတွင်းမှာ ပြီးစီးသွားပါတယ်။ ဒီ မူစဲကျွန်းပေါ်မှာ အဓိက အဆိုးရွားဆုံးအပိုင်းဖြစ်နေတာက ဇီးကိုင်းကူးတို့ ဆိပ်ကမ်းကနေပြီးတော့ နှမ်းခင်းကျေးရွာထိ (၂)မိုင်နီးပါး ရှည်လျားတဲ့ကျောက်ချောလမ်း ဖြစ်ပါတယ်။ ဒီလမ်းမှာ နှစ်စဉ်နှစ်တိုင်း ငွေကျပ်သိန်းပေါင်းများစွာ ကျခံပေးရပါတယ်။ ဒါပေမဲ့ ရွှံ့ဗွက်သာသာလမ်းအဖြစ်ပဲ ရှိနေပါတယ်။ ရွှံ့ကလည်း ဒူးဆစ်လောက်နက်ပါတယ်။ ဒီလမ်းပိုင်းကို ကျေးရွာပေါင်း(၂၂) ရွာက အသုံးပြုနေတာဖြစ်ပါတယ်။ ဒီလမ်းပျက်စီးရတဲ့ အကြောင်းအရင်းက လမ်းခင်းကျောက်တွေ ညံ့လို့ ဖြစ်ပါတယ်။ လမ်းကလည်း နိမ့်သွားပြီးတော့ နှစ်စဉ်နှစ်တိုင်း မိုးတွင်းမှာ ပင်လယ်ဒီရေကျော် ဖြတ်သွားပြီးတော့ တိုက်စားတဲ့အတွက် လမ်းပျက်စီးတာ ဖြစ်ပါတယ်။ အမှန်က ဒီရေတိုက်စားတာက လမ်းမဟုတ်ပါဘူး။ ပြည်သူ့ဘဏ္ဍာငွေတွေပဲဖြစ်နေလို့ ဒီရသေ့တောင်မြို့နယ် မူစဲကျွန်းပေါ်ရှိ ဇီးကိုင်းဘက် ကူးတို့ဆိပ်ကမ်းမှ နှမ်းခင်းကျေးရွာအထိ လမ်းပိုင်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့် တိုးမြှင့်တည်ဆောက်ပေးရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၀။**

**ဦးကျော်လင်း (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ် အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတက်ထွန်းအောင် မှ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကို မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ အလယ်ဖရုံကာကျွန်း၊ ပိန်နဲချောင်းအုပ်စု၊ မညင်းကိုင်းကျေးရွာရှိ သစ်သားတံတားကို RC ကွန်ကရစ် တံတားသစ်အဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ ပေါက်တောမြို့နယ်၊ အလယ်ဖရုံကာကျွန်း၊ ပိန်နဲချောင်းအုပ်စု၊ မညင်းကိုင်းကျေးရွာရှိ ဟောင်းနွမ်းပျက်စီးနေတဲ့ သစ်သားတံတားသည် မြင့်ဂါ-ဖဒူ

လမ်းမှ မညင်းကိုင်းကျေးရွာသို့ ဆက်သွယ်ထားတဲ့ ကျေးရွာချင်းဆက်လမ်းပေါ်မှာ တည်ရှိပါတယ်။ မြင့်ဂါ-ဖဒူလမ်းမှ မညင်းကိုင်းကျေးရွာသို့ ကျေးရွာချင်းဆက်မြေသားလမ်း ဖောက်လုပ်မည်ဆိုပါက လယ်ယာမြေများကို ဖြတ်သန်းဖောက်လုပ်ရမည်ဖြစ်ပြီးတော့ ထိခိုက်နစ်နာမှုများ ရှိလာနိုင်မှာ ဖြစ်ပါတယ်။ လက်ရှိအခြေအနေကတော့ လယ်ကန်သင်းပေါင်ကနေ သွားလာနေရတဲ့ လူသွားလမ်းအူကြောင်း အဆင့်သာရှိပြီးတော့ သစ်သားတံတားကလည်း ဟောင်းနွမ်းပျက်စီးနေတာဖြစ်ပါတယ်။ အဆိုပါလမ်းဟာ အရှည်(၃)မိုင်ခန့်ရှိပြီးတော့ မညင်းကိုင်းကျေးရွာ အပါအဝင် သံကူကွန်ကရစ် တံတားအပြင် Box Culvert (၅)စင်းနဲ့ ကွန်ကရစ်တံတား(၂)စင်းတို့ ထည့်သွင်းတည်ဆောက်ရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ ပေါက်တော မြို့နယ်၊ အလယ်ဖရုံကာကျွန်း၊ ပိန်နဲချောင်းအုပ်စု၊ မညင်းကိုင်းကျေးရွာရှိ သစ်သားတံတားကို RC ကွန်ကရစ်တံတားသစ်အဖြစ် တည်ဆောက်ခြင်းလုပ်ငန်းမှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတောင်းခံတဲ့စာရင်းမှာ ထည့်သွင်းရေးဆွဲထားကြောင်း သိရှိရပါတယ်။ Master Plan (၁၅)နှစ်စီမံကိန်းအရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာလည်း မြင့်ဂါ-ဖဒူလမ်းကနေပြီးတော့ မညင်းကိုင်းကျေးရွာဆက် မြေသားလမ်း(၃)မိုင်ကို ထည့်သွင်းရေးဆွဲထားပါကြောင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် ရခိုင် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် မှ မေးမြန်း ထားတဲ့ ရသေ့တောင်မြို့နယ်၊ မူစဲကျွန်းပေါ်ရှိ ဇီးကိုင်းဘက် ကူးတို့ဆိပ်ကမ်းမှ နှမ်းခင်းကျေးရွာအထိ လမ်းပိုင်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်တိုးမြှင့် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်း တဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းခွင့်ပြုပါခင်ဗျား။ ယခု ကျွန်တော်တင်ပြတဲ့ မြေပုံကတော့ စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော- တောင်ပြိုလက်ဝဲ-ဗန္ဓုလလမ်းမကြီး ဖြစ်ပါတယ်။ အဆိုပါလမ်းမကြီးကို တစ်ဆက်တစ်စပ်တည်း အသုံးပြုသွားလာနိုင်ဖို့အတွက် ကျန်ရှိနေသေးတဲ့ တံတား(၅)စင်းကို ယခုအခါ တစ်ပြိုင်နက်တည်း တည်ဆောက်လျက်ရှိပါတယ်။ အဆိုပါတံတားများကို တည်ဆောက်ပြီးစီးပါက စစ်တွေမှ ရသေ့တောင်- ဘူးသီးတောင်-မောင်တောမြို့များကို တစ်ဆက်တစ်စပ်တည်း အသုံးပြုသွားလာနိုင်မှာဖြစ်လို့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများက လုပ်ငန်းများ အမြန်ဆုံးပြီးစီးရေးအတွက် နေ့ရောညပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းလမ်း ပြီးစီးသွားပါက စစ်တွေမြို့မှ မောင်တောမြို့ကို ယာဉ်မောင်း ကြာချိန်(၄)နာရီလောက်နဲ့ အရောက်သွားလာနိုင်တော့မှာ ဖြစ်ပါတယ်။

ထို့အပြင် လမ်းကိုလည်း ကွန်ကရစ်လမ်း၊ အချို့နေရာများမှာ ကတ္တရာလမ်း စသည်ဖြင့် ရောက်ရှိအောင် မဟာဗျူဟာအရ အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါလမ်းမကြီးဟာ ရခိုင်ပြည်နယ်(မြောက်ပိုင်း) ဘူးသီးတောင်၊ မောင်တောနယ်မြေစိုးမိုးရေးအတွက် အလွန်အရေးပါတဲ့ လမ်းမကြီးဖြစ်လို့ ပထမဦးစားပေး ဆောင်ရွက်သွားမှာဖြစ်ပြီးတော့ ၎င်းလမ်းအပြင် မေယုတောင် ကျော်လမ်း(၄)လမ်းကိုလည်း ဦးစားပေးပြီးတော့ ဖောက်လုပ်သွားမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ကြီးမှ တင်ပြလာတဲ့ ပါဒလိပ်(စစ်တွေ)-ရသေ့တောင်လမ်းကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲတဲ့ လမ်းဖြစ်ပြီးတော့ ပါဒလိပ်ကနေပြီး ရသေ့တောင်မြို့ထိ (၁၅)မိုင် (၇)ဖာလုံ ရှည်လျားပါတယ်။ ပါဒလိပ်မှ ရသေ့တောင်လမ်းဟာဆိုရင် ယခုပုံမှာ မြင်တွေ့ရတဲ့အတိုင်း ပါဒလိပ်နဲ့ မူစဲကျွန်းကြားမှာ ပေ(၆၀၀၀) ခန့်ရှိတဲ့ တြိုတဲမြစ်ကြီးကလည်း ခြားထားပါတယ်။ တြိုတဲမြစ်ဟာ ပင်လယ်ဝနဲ့ နီးတဲ့အတွက် လှိုင်းလေထန်ခြင်း၊ ရေနက်ခြင်းတို့ကြောင့် မြစ်ကူးတံတားတည်ဆောက်ဖို့အတွက် အခက်အခဲရှိပါတယ်။

ထို့အပြင် အဆိုပါလမ်းပေါ်မှာ ပေ(၇၀၀)ခန့်ရှိတဲ့ ငလပြားချောင်းနဲ့ ပေ(၈၀၀)ခန့်ရှိတဲ့ ရသေ့တောင် ချောင်းတွေဟာလည်း တည်ရှိနေသေးတဲ့အတွက် အဲဒီလမ်းပိုင်းဟာ မိုင်တိုပေမယ့် စစ်တွေကနေပြီးတော့ ရသေ့တောင်အထိ တိုက်ရိုက် တစ်ဆက်တစ်စပ်တည်း ကားနဲ့ မသွားလာနိုင်ဘဲနဲ့ ၎င်းလမ်းပိုင်းကိုတော့ မူစဲကျွန်းပေါ်မှာရှိတဲ့ ဒေသခံပြည်သူများက အများဆုံး သွားလာအသုံးပြုလျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ရခိုင်ပြည်နယ်ရဲ့ လုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းရေးအတွက် အဓိကကျတဲ့ စစ်တွေ-ရသေ့တောင်-ဘူးသီးတောင်-မောင်တော မဟာဗျူဟာလမ်းမကြီးနဲ့ မေယုတောင်ကျော် ဖြတ်လမ်းများကို ဖောက်လုပ်နိုင်ဖို့အတွက် ပထမဦးစားပေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးမှ တင်ပြလာတဲ့ ပါဒလိပ်-ရသေ့တောင်-မောင်တောလမ်းရဲ့ မူစဲကျွန်းပေါ်မှာရှိတဲ့ ဇီးကိုင်းဘက် ကူးတို့ဆိပ်ကမ်းမှ နှမ်းခင်းကျေးရွာအထိ လမ်းပိုင်းကို လောလောဆယ်မှာတော့ ကွန်ကရစ်လမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် မရှိသေးပေမယ့် ဒေသခံပြည်သူတွေသွားလာဖို့ အဆင်ပြေစေရေးအတွက် ရာသီမရွေး သွားလာနိုင်တဲ့ ကျောက်ချောလမ်းအဆင့်ကိုတော့ ပြည်နယ်ရန်ပုံငွေတင်ပြတောင်းခံပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။(ဩဘာသံများ)

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် လှုပ်ရှားနေသော အကြမ်းဖက် အဖွဲ့ဝင်များကို ဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေအရ အရေးယူပေးရန်နှင့် ယင်းတို့၏ ခြိမ်းခြောက်မှုကြောင့် လောလောဆယ် နေရပ်စွန့်ခွာ ထွက်ပြေးလာကြသော တိုင်းရင်းသားများ၏ ကျေးရွာများ ဆက်လက်ရပ်တည်နိုင်ရေးအတွက် အရေးတယူ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် အဆိုတင်သွင်းထားတဲ့ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် လှုပ်ရှားနေသော အကြမ်းဖက်အဖွဲ့ဝင်များကို ဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေအရ အရေးယူပေးရန်နှင့် ယင်းတို့၏ ခြိမ်းခြောက်မှုကြောင့်

လောလောဆယ် နေရပ်စွန့်ခွာ ထွက်ပြေးလာကြသော တိုင်းရင်းသားများ၏ ကျေးရွာများ ဆက်လက်ရပ်တည်နိုင်ရေးအတွက် အရေးတယူဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကြည်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၆။**

**ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဝင်း ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) ဦးခင်မောင်လတ် ရဲ့ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ ရသေ့တောင်မြို့နယ်များမှာ လှုပ်ရှားနေတဲ့ အကြမ်းဖက်ကိစ္စတွေနဲ့ ပတ်သက်လို့ အကြမ်းဖက်များရဲ့ ခြိမ်းခြောက်မှုကြောင့် နေရပ်စွန့်ခွာသွားတဲ့ကိစ္စတွေမှာ အရေးတယူဆောင်ရွက်ပေးဖို့ ပြည်ထောင်စုအစိုးရကို တိုက်တွန်းတဲ့ အဆိုကို ကျွန်တော်တို့အနေနဲ့ အလေးထားပြီး ခံစားနားလည် သဘောပေါက်ပါတယ်။ ဒီအဆိုနဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ အခု အမျိုးသားလွှတ်တော်မှာ ဆက်လက်ဆွေးနွေးသွားပါမယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်တွေမှာ ဖြစ်ပွားနေတဲ့ ရခိုင်ပြည်နယ် မြောက်ပိုင်းမှာဖြစ်နေတဲ့ အကြမ်းဖက်ကိစ္စတွေဟာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သိပြီးဖြစ်ပါလိမ့်မယ်။ ဒီပြဿနာဟာ အကြမ်းဖက်ဖြစ်ကြောင်းကို ၂၀၁၄ ခုနှစ်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃ ပြဋ္ဌာန်းချက်အရ အကြမ်းဖက်မှုအဖြစ် အဓိပ္ပာယ်ဖွင့်ပြီးတော့ ပြည်ထောင်စုအစိုးရရဲ့ ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌပြုလုပ်တဲ့ ဒီ ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ အမိန့်ကြော်ငြာချက်က (၁/၂၀၁၇)၊ အကြမ်းဖက်မှုဥပဒေ ပုဒ်မ ၇၁ အရ အကြမ်းဖက်တိုက်ဖျက်ရေးဗဟို အဖွဲ့ကနေပြီးတော့ အကြမ်းဖက်မှုဥပဒေ ပုဒ်မ ၆(င)နဲ့ အကြမ်းဖက်အဖွဲ့အဖြစ်နဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းအဖွဲ့ အကြမ်းဖက်အဖွဲ့ကို သတ်မှတ်ပြီး ကြေညာထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဗဟိုအဖွဲ့အနေနဲ့ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၅ အရ အပြည်ပြည်ဆိုင်ရာ ဥပဒေအဖွဲ့အစည်းများ၊ အကြမ်းဖက်တိုက်ဖျက်မှုဆိုင်ရာ ကွန်ဗင်းရှင်းများနဲ့ ညှိနှိုင်းပြီး ဆောင်ရွက်နေပါတယ်။

ဒီနေရာမှာ ဥက္ကဋ္ဌကြီးကို ကျွန်တော် တင်ပြလိုတာက ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၊ အခန်း(၃) ပုဒ်မ ၅၈ ဒီကိစ္စတွေမှာ အခြေခံဥပဒေ ပုဒ်မ ၁၉၉ အရ ပြဋ္ဌာန်းထားတာဟာ နိုင်ငံသားအားလုံးရဲ့ အထွတ်အထိပ်ဟာ နိုင်ငံတော်သမ္မတ ဖြစ်ပါတယ်။ အဲဒီတော့ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေး အကြီးအကဲဖြစ်တယ်။ ဒါကြောင့်မို့လို့ ရခိုင်ပြည်နယ်နဲ့ မြောက်ပိုင်းအကြမ်းဖက်ကိစ္စတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ ပြည်ထောင်စုအစိုးရ ပုဒ်မ ၁၉၉(ခ) အရ တိုင်းဒေသကြီးဖြစ်တဲ့ ရခိုင်ပြည်နယ် အစိုးရအဖွဲ့တွေကို တာဝန်ပေးထားတာရှိပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အဖွဲ့ဝင်ဖြစ်တဲ့ ပြည်ထဲရေးဝန်ကြီးကလည်းပဲ အကြမ်းဖက်တိုက်ဖျက်ရေး

ဗဟိုအဖွဲ့ ဥက္ကဋ္ဌအဖြစ်နဲ့ တာဝန်ယူဆောင်ရွက်နေတာကြောင့် ရခိုင်ပြည်နယ်အတွင်းမှာ အကြမ်းဖက်မှုတွေကို တပ်မတော်နဲ့ ပူးပေါင်းပြီးတော့ တရားဥပဒေစိုးမိုးရေးနဲ့ အရပ်ဖက်အုပ်ချုပ်ရေးယန္တရား Civil Administrative Mechanism ဒါတွေဟာ ပုံမှန်လည်ပတ်နေပါတယ်။ အမှတ်(၁)နယ်မြေ နယ်ခြားစောင့်တပ်ဖွဲ့ရဲ ကွပ်ကဲမှုအဖွဲ့၊ လက်အောက်ခံနယ်မြေ၊ နယ်ခြားစောင့်တပ်ဖွဲ့များနဲ့ ပူးပေါင်းပြီးတော့ နယ်မြေရှင်းလင်းပြီးတော့ ဆောင်ရွက်နေပါတယ်။ ဒီနေရာမှာ ရခိုင်ပြည်နယ်ရဲ့ မြစ်ကြောင်း၊ နတ်မြစ်ကြောင်းတစ်လျှောက် လုံခြုံရေးအတွက် ပင်လယ်လှည့်ကင်းနဲ့ လုံခြုံရေးတို့ပါဆက်ပြီး ဆောင်ရွက်နေပါတယ်။ ကျေးရွာများ အကြမ်းဖက်မှုတိုက်ဖျက်ရေး မခံရစေအောင် ရွာနီးဝန်းကျင် လုံခြုံရေးတပ်ဖွဲ့များ ဖြန့်ခွဲပြီးတော့ ချေမှုန်းရေးလက်နက်ပစ်ကူ၊ လက်နက်အမိကရုဏ်း လက်နက်နဲ့ ပတ်သက်တဲ့ စခန်းတစ်ခုနဲ့ တစ်ခု အကူအညီပေးရေး ဒါတွေလည်းပဲ ကျွန်တော်တို့ စီမံခန့်ခွဲထားတာတွေရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခန့်အပ်တာဝန်ပေးလိုက်တဲ့ ပြည်ထောင်စုအစိုးရနဲ့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ အရပ်ဘက်ဆိုင်ရာ ဒီမိုကရေစီနည်းလမ်းတကျ အုပ်ချုပ်ရေးဟာလည်းပဲ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တရားဥပဒေစိုးမိုးရေးနဲ့ အကြမ်းဖက်တိုက်ဖျက်ရေးတွေ၊ ဥပဒေပြဋ္ဌာန်းချက်များနဲ့အညီ ထိရောက်စွာ ရခိုင်ပြည်နယ်နဲ့ ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ အဆိုရှင်ရဲ့ ဆန္ဒနဲ့ ညီညွတ်ဆီလျော်တယ်လို့ ကျွန်တော်တင်ပြလိုပါတယ်။ အကြမ်းဖက်တိုက်ဖျက်မှုတွေဟာလည်းပဲ တည်ငြိမ်အေးချမ်းမှု၊ သဟဇာတဖြစ်မှုတွေကို ပျက်စီးစေရန် စနစ်တကျ ဆောင်ရွက်နေတယ်လို့ ထင်ရှားနေတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်အတိုင်ပင်ခံရဲ့ ထုတ်ပြန်ကြေညာချက် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့က အစွန်းရောက်အကြမ်းဖက်သမားများရဲ့ ရက်စက်မှုလုပ်ရပ်များကြောင့် နိုင်ငံတော်အတိုင်ပင်ခံရဲ့ လုပ်ရပ်များ ယိမ်းယိုင်သွားမည်မဟုတ်ကြောင်းကိုလည်း ကြေညာထားပါတယ်။ အတိုင်ပင်ခံအနေနဲ့ ရခိုင်ပြည်နယ်ကိစ္စမှာ လက်တွေ့ကျကျ ရေရှည်တည်တံ့ ဖြေရှင်းချက်များ ထိထိရောက်ရောက် ဖြေရှင်းသွားမှာကို ကျွန်တော်တို့အနေနဲ့ အလေးအနက် ယုံကြည်ပါတယ်။ အကြမ်းဖက်မှုတိုက်ဖျက်ရေးအဖွဲ့မှာလည်းပဲ ပုဒ်မ ၆(င)အရ ဘင်္ဂါလီအကြမ်းဖက်သမားများနဲ့ တာဝန်ရှိတဲ့ Arakan Rohingya Salvation Army (ARSA) ကို အကြမ်းဖက်လို့ ကြေညာထားပြီးလည်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ နိဂုံးချုပ်အနေနဲ့ ကျွန်တော်တင်ပြလိုတာက ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးခင်မောင်လတ် ရဲ့ ရခိုင်ပြည်နယ်အရေးမှာ အရေးတယူ ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၁။**

**ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးလှဆန်း မှ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) ဦးခင်မောင်လတ် ၏ အဆိုအား ကျွန်တော့်အနေဖြင့် ခြုံငုံသုံးသပ် ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ မြန်မာ နိုင်ငံ အနောက်တံခါးကို စောင့်ကြပ်သော ဘူးသီးတောင်၊ ရသေ့တောင်၊ မောင်တောဒေသရှိ ရခိုင် တိုင်းရင်းသားများအား ကျေးဇူးတင်ကြောင်းပြောလိုပါတယ်။ ကြားဖူးနားဝမှတ်သားဖူးတဲ့ စာချိုး အတိတ် တဘောင်ပဲ ပြောရမလားပဲ။ မေယုမခိုင်ရင် ပုဂံယိုင်လိမ့်မယ်ဆိုတဲ့စကား မေယုတောင်တန်းတစ်ခွင် နယ်မြေအား ဘင်္ဂါလီလူမျိုးတွေဟာ မြေမျိုမယ်၊ လူမျိုမယ်၊ သိမ်းပိုက်မယ်ဆိုပါက မြန်မာနိုင်ငံအလယ် ပိုင်း ပုဂံအထိ ဆိုက်ရောက်လာနိုင်တယ်ဆိုတဲ့ သဘောပါပဲ။ ကျွန်တော်ကိုယ်တိုင် ၂၀၁၂ ခုနှစ် နှောင်း ပိုင်း မင်းပြားမှ ကျောက်တော်၊ မြောက်ဦးခရီးစဉ်မှာ လမ်းတစ်လျှောက် အစ္စလာမ်ဘာသာဝင်ရွာကြီး များ ရှိနေပါ၍ ညအခါသွားရင် ကျောမလုံကြောင်း ကိုယ်တိုင်သိခဲ့ရတာပါ။

(၅)ရာခိုင်နှုန်းခန့်ရှိသော ရခိုင်တိုင်းရင်းသားများ နေထိုင်တဲ့ ဘူးသီးတောင်၊ ရသေ့တောင်၊ မောင်တော အရပ်ဒေသများ ဘယ်လိုနေထိုင်ကြမလဲ၊ ရှေ့မလုံ၊ နောက်မလုံ၊ နေ့လည်းမလုံ၊ ညလည်း မလုံခြုံ ယခင်ကအခြေအနေ၊ ယနေ့ပကတိ အခြေအနေတွေကို သတင်းစာ၊ ဂျာနယ်တွေ ဖတ်ကြည့် ရင်လည်း သိနိုင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံအကြောင်းကို ပြန်ပြီးစဉ်းစားသုံးသပ်ကြည့်ရင် Power Point တင်ပြခွင့်ပြုပါ။ မြန်မာနိုင်ငံ ဆင်းရဲရခြင်း အကြောင်းအရင်းမှာ ကျွန်တော်တို့ နံပါတ် တစ်က စီမံအုပ်ချုပ်သူများအားနည်းလျှင်၊ နံပါတ်နှစ်က မိုးနည်းမိုးခေါင်လျှင်၊ နံပါတ်သုံးက ငြိမ်းချမ်းရေး မရှိလျှင်၊ မိုးနည်းမိုးခေါင်တဲ့ကိစ္စမှာ အားလုံးတစ်နိုင်ငံလုံးက စိုက်ပျိုးရေးကဏ္ဍ (၇၀)ရာခိုင်နှုန်းရှိ၍ ကျွန်တော်တို့ မြန်မာနိုင်ငံဆင်းရဲနိုင်ပါတယ်။ ငြိမ်းချမ်းရေးမရှိလျှင်ဆိုတာ ယနေ့ ရခိုင် အခြေအနေကိုပဲ ကြည့်ပါ။ ရခိုင်ဟာ မငြိမ်းချမ်းပါဘူး။ ဘူးသီးတောင်၊ ရသေ့တောင်၊ မောင်တောဒေသတွေဟာ တခြား ဒေသတွေနဲ့ မတူပါဘူး။ ကျူးကျော်ဘင်္ဂါလီကြောင့် ကျွန်တော်တို့ ရခိုင်တိုင်းရင်းသားများ ဆိုးဝါးစွာခံ နေရပါတယ်။ ဒါကြောင့်လည်း (၂၁)ရာစု ငြိမ်းချမ်းရေးပင်လုံညီလာခံ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း အားလုံးသိရှိနိုင်ကြပါလိမ့်မယ်။

မြန်မာနိုင်ငံ ဆင်းရဲရခြင်းအကြောင်းထဲမှာ စီမံအုပ်ချုပ်သူများ အားနည်းလျှင်ဆိုတဲ့ အပိုင်း လေး ကျွန်တော်ပြောပြရင် နံပါတ်တစ်ကတော့ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ သတ်မှတ်ထားတဲ့ နိုင်ငံသား စိစစ်ရေးကတ်တွေက ကျွန်တော်တို့ ပြထားတဲ့အတိုင်းပါပဲ။ ပန်းရောင်ကတ်က အမျိုးသမီးကတ်ပါ။ အစိမ်းရောင်က အမျိုးသားကတ်ပါ။ အဲဒါ ၁၉၄၀ ခုနှစ်မှာ ဖော်ထုတ်ခဲ့တာပါ။ ၁၉၈၂ ခုနှစ် နိုင်ငံသား စိစစ်ရေးကတ်ကျတော့ တစ်ကတ်ပဲရှိပါတယ်။ ဒါပေမဲ့ အဲဒီစိစစ်ရေးကတ်ရဲ့ အကြောင်းကတော့ ကျွန်တော်တို့ နိုင်ငံသားများဟာ (၁၀)နှစ်မှာလုပ်ရမယ်။ (၁၈)နှစ်မှာလုပ်ရမယ်။ (၃၀)နှစ်မှာ လဲရမယ်။ (၄၅)နှစ်မှာ လဲရမယ်။ (၆၀)နှစ်မှာ လဲရမယ်။ ဒါကလည်း မည်သူမျှ (၃၀)၊ (၄၅)မှာ လဲခြင်းမရှိခဲ့ပါဘူး။ ၁၉၉၄ ခုနှစ်၊ ၁၉၉၅ ခုနှစ် White Card ဆိုတာကတော့ ယာယီကတ်ပါပဲ။ အဲဒီကတ်ကြောင့် ကျွန်တော်တို့ ဘယ်လောက်ပေးခဲ့လို့ ပေးခဲ့မှန်းလည်းမသိပါဘူး။ ကျွန်တော်တို့အားလုံး။ အဲဒီတော့

ကျွန်တော်တို့နိုင်ငံရဲ့ အခြေအနေဟာ အဲဒီ White Card ဟာဆိုရင် ၂၀၁၀ ခုနှစ်မှာ မဲပေးခွင့်မရှိဘူး။ ၂၀၁၅ ခုနှစ်မှာ မဲပေးခွင့်မရှိခဲ့ပါဘူး။ ယနေ့ နိုင်ငံတော်အတိုင်ပင်ခံရုံးက ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ၂၄-၈-၂၀၁၇ အပြီးသတ်အစီရင်ခံစာ ရခိုင်ပြည်နယ်အတွင်းမှာ နိုင်ငံသားစိစစ်ရေးခံရမည့် သက်သေခံကတ်ပြား ထုပ်ပေးရေးလုပ်ငန်းစဥ် ပိုမိုထိရောက်အောင်မြင်စေမည့် မဟာဗျူဟာတစ်ရပ် ဖော်ထုတ်နိုင်ရန် စီမံဆောင်ရွက်သွားမည်ဟုလည်း သိရှိရပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များကလည်း ၂၅-၈-၂၀၁၇ ရက်နေ့ နောက်ဆုံးအကြမ်းဖက်မှု ဖြစ်စဥ်မတိုင်ခင် အကြောင်းအရာများကိုလည်း ထောက်ပြဆွေးနွေးခဲ့ကြပြီးလည်း ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၏ သမိုင်းကြောင်း၊ ဖြတ်သန်းမှုနှင့် လက်ရှိရင်ဆိုင်နေရသော အခြေအနေမှန်ကို ယထာဘူတကျကျ၊ ခြေခြေမြစ်မြစ် နားလည်ခြင်းမရှိဘဲ လူ့အခွင့်အရေး ခေါင်းစဥ်တပ်ကာ နိုင်ငံတကာအဖွဲ့အစည်းအချို့၊ သတင်းမီဒီယာအချို့၏ ကျင့်ဝတ်နှင့်မညီသော တစ်ဖက်သတ် အစီရင်ခံစာများ၊ သတင်းရေးသားချက်များကလည်း ပြဿနာကို ပိုမိုဆိုးဝါးစေခဲ့ပါတယ်။ သို့ပါ၍ ၂၇-၈-၂၀၁၇ ရက်နေ့ ရက်စွဲဖြင့် နိုင်ငံတော်အတိုင်ပင်ခံရုံး၊ သတင်းထုတ်ပြန်ရေးကော်မတီမှ အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများနှင့် ARSA အကြမ်းဖက်အုပ်စုအား ထောက်ခံအားပေးကူညီခြင်း၊ မီဒီယာများမှ ထောက်ခံရေးသားခြင်းတွေ့ရှိပါက အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေနှင့်အညီ အရေးယူသွားမည်ဟုလည်း သတင်းထုတ်ပြန်ထားပါတယ်။


ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်၊ ဒုတိယအကြိမ် ပဥ္စမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့မှာ အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ အဆိုတင်သွင်းပြီး ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စယန်ဟီလီ ၏ သတင်းထုတ်ပြန်ချက်အား ပြင်းထန်စွာ ကန့်ကွက်ကြောင်း အရေးကြီးအဆိုတင်သွင်းမှုအား တစ်ညီတစ်ညွတ်တည်း ထောက်ခံထားကြကြောင်း သိရှိပြီး ဖြစ်ပါလိမ့်မယ်။ ယခု ရက်ပိုင်းက ဖြစ်ပေါ်ခဲ့သည့် ထိုအကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများက သက်သေခံနေခဲ့ပြီး နိုင်ငံတော် အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီနှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်တို့က ဩဂုတ်လ ၂၇ ရက်နေ့အထိ ထုတ်ပြန်ခဲ့သော သတင်းထုတ်ပြန်ချက်(၁)မှ(၁၀)အထိ ဖော်ပြခဲ့သည့် သတင်းများနှင့် မနေ့က ၂၉-၈-၂၀၁၇ ရက်နေ့ တပ်မတော်မှ ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတို့ကို လေ့လာကြည့်လျှင် ပို၍လည်း ထင်ထင်ရှားရှား မြင်နိုင်မည်ဖြစ်ပါတယ်။

သို့ပါကြောင့်လည်း ကုလသမဂ္ဂနှင့် အမေရိကန်၊ အိန္ဒိယ၊ တူရကီနိုင်ငံများ၏ နိုင်ငံခြားရေး ဝန်ကြီးများမှလည်းကောင်း၊ မြန်မာနိုင်ငံရှိ အမေရိကန်သံရုံး၊ ဗြိတိသျှသံရုံးနှင့် ဩစတြေးလျသံရုံးတို့မှ လည်းကောင်း အကြမ်းဖက်လုပ်ရပ်များအား ပြစ်တင်ရှုံ့ချသည့် ကြွေးကြော်သံများ ထုတ်ပြန်ကြေညာ ရာတွင် အားလုံးသိရှိပြီး ဖြစ်ပါလိမ့်မယ်။ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် အသိအမှတ်ပြု ထားပြီး ဖြစ်သည့်အတိုင်း ရခိုင်ပြည်နယ်၏ အခြေအနေသည် လွန်စွာမှပင် ရှုပ်ထွေးနက်နဲလှပြီး အချိန်တိုအတွင်း ဖြေရှင်းယူရန်မရနိုင်ပါဘူး။ ဒါကြောင့်မို့လို့ ကာလရှည်ကြာစွာ ဖွံ့ဖြိုးမှု၊ တိုးတက်မှု နိမ့်ကျပြီး အဆင်းရဲဆုံးသော ပြည်နယ်တစ်ခုဖြစ်နေခြင်းကြောင့် ပြဿနာဖြေရှင်းရာတွင် စိန်ခေါ်မှုများ

ပိုမိုမြင့်မားလာပြီးတော့ ကျွန်တော်တို့ ဘေးအန္တရာယ်အယှက်များကို လည်းကောင်း၊ ပြည်တွင်းရောက်ရှိသည့် ဘင်္ဂါလီအကြမ်းဖက်များကိုလည်းကောင်း ကျွန်တော်တို့အားလုံး စုပေါင်းညီညွတ်စွာ ဖြေရှင်းနိုင်မှ သာလျှင် ကျွန်တော်တို့ အားလုံးအောင်မြင်ပါလိမ့်မယ်။

သို့ပါ၍ ယနေ့ ပြည်ထောင်စုအစိုးရသည်လည်း ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိရေး ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ပေးနေသလို နိုင်ငံရေးနည်းအရလည်း လိမ္မာပါးနပ်စွာ ဖြေရှင်းပေးလျက်ရှိပြီး၊ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးကိုလည်း တပ်မတော်မှ နည်းစနစ်ကျစွာ ဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ နိုင်ငံသားသက်သေခံကတ်ပြား လက်ဝယ်ကိုင်ဆောင်ထားသည့် နိုင်ငံသားမှန်သမျှ ရခိုင်ပြည်နယ်ပြဿနာအပေါ် ဘာသာရေး၊ လူမျိုးရေးရှုထောင့်မှ ကွက်ကြည့်ရန်မသင့်ဘဲ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ရေး၊ အေးချမ်းတည်ငြိမ်ရေးနဲ့ ငြိမ်းချမ်းစွာ အတူနေထိုင်ရေး၊ အဟန့်အတားပြုလုပ်နေသည့် အကြမ်းဖက်လုပ်ရပ်များကို ကျရာအခန်းကဏ္ဍမှ ပြတ်သားစွာဖြင့်၊ ညီညွတ်စွာဖြင့် မြန်မာနိုင်ငံ၏ အနောက် တံခါးလုံခြုံဖို့ ဆောင်ရွက်ပေးကြရန် အကြံပြုတိုက်တွန်းရင်း ကျွန်တော့်အနေနဲ့ ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)


မြန်မာနိုင်ငံ ဆင်းရဲရခြင်း အကြောင်းအရင်း ရှင်းလင်းထားသော စာရွက်၏ မြင်ကွင်းပုံ (ကပ)



စုပေါင်းညီညွတ်မှု မရှိလျှင် အကြောင်းအရင်းအား ရှင်းလင်းထားသော စာရွက်၏ မြင်ကွင်းပုံ (ကပ-၁)




တစ်ညီတစ်ညွတ်တည်း စုပေါင်းညီညွတ်စွာဖြစ်ရန် အကြောင်းအရင်းအား ရှင်းလင်းထားသော စာရွက်၏ မြင်ကွင်းပုံ (ကပ-၂)




**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၇။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။**  ။ အားလုံး မင်္ဂလာပါ။ ကျွန်တော်က ဒီအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မေယုဒေသမှာ ဘင်္ဂါလီတွေရဲ့ အကြမ်းဖက်မှုလုပ်ရပ်တွေဟာ ယခင်ပုံစံတွေနဲ့ မတူတော့ဘဲ ဒေသခံတိုင်းရင်းသားတွေ မနေနိုင်အောင် အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်ပြီး နယ်မြေလုစစ်ပွဲအသွင်သို့ ပြောင်းလဲဆင်နွှဲလာတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒီအဆိုကို အမျိုးသားလွှတ်တော်မှာ အချိန်ယူပြီး ဆွေးနွေးနေတဲ့ ရက်များအတွင်းမှာပဲ အစွန်းရောက်ဘင်္ဂါလီများရဲ့ အကြမ်းဖက်လှုပ်ရှား တိုက်ခိုက်မှုဟာ ပိုမိုပြင်းထန် ကြီးမားလာတဲ့အတွက် ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အကြမ်းဖက်တိုက်ဖျက်ရေးဗဟိုအဖွဲ့က အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၇) ဖြင့် Arakan Rohingya Salvation Army(ARSA) အဖွဲ့နှင့် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများအားလုံးကို အကြမ်းဖက်အုပ်စုအဖြစ် ဩဂုတ်လ ၂၅ ရက်နေ့ နေ့စွဲနဲ့ တရားဝင်ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါတယ်။

ဒါကြောင့် ဒီအကြမ်းဖက်အုပ်စုကို အမြစ်ပါမကျန် လုံးဝချုပ်ငြိမ်းသွားအောင် ရှင်းလင်းသုတ်သင်ဖယ်ရှားပစ်ရမှာ ဖြစ်ပါတယ်။ ဒါဟာ အစိုးရက ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန် ဖြစ်ပါတယ်။ အကြမ်းဖက်အုပ်စုတွေကို နှိမ်နင်းပြီး နယ်မြေလုံခြုံမှု၊ အေးချမ်းတည်ငြိမ်မှုတို့ ပုံမှန်အနေအထားသို့ရောက်လာပြီဆိုပါမှ အဆိုရဲ့ ဒုတိယပိုင်းဖြစ်တဲ့ နေရပ်စွန့်ခွာထွက်ပြေးလာကြတဲ့ တိုင်းရင်းသားများကို ပြန်လည်ခေါ်ယူနေရာချပေးရမှာ ဖြစ်ပါတယ်။ နေရပ်စွန့်ခွာထွက်ပြေးလာကြသူများမှာ ဘူးသီးတောင်မြို့နယ်မှာ ကျေးရွာပေါင်း(၄၃)ရွာ၊ မောင်တောမြို့နယ်မှာ ချောင်ပိတ်ခံနေရတဲ့ ရွာက(၄၀)ရွာ၊ မီးရှို့ခံရတဲ့ရွာက (၇)ရွာ၊ ရသေ့တောင်မြို့နယ်မှာ နေရပ်စွန့်ခွာ ထွက်ပြေးသွားရတဲ့ ရွာက(၄)ရွာတို့ ဖြစ်ပါတယ်။ ပြန်လည်နေရာချထားပေးနိုင်တဲ့ နောက်ပိုင်းမှာလည်းပဲ ဒီဒေသရဲ့ ရေရှည်လုံခြုံရေးအတွက် မိမိရွာကို မိမိကိုယ်တိုင် ကာကွယ်စောင့်ရှောက်နိုင်အောင် အကောင်းဆုံးနည်းလမ်းကတော့ ဒေသခံများ၊ ဒေသခံကျေးရွာများကို ပြည်တွင်းစစ်ပုံစံ စနစ်တကျလေ့ကျင့်ကာ လက်နက်များ တပ်ဆင် ပေးဖို့ လိုအပ်ပါတယ်။ ဒါမှ လုံခြုံရေးအာမခံချက်ရရှိပြီး အစိုးရလည်း ဝန်ထုပ်ဝန်ပိုးလျော့နည်း သွားစေမှာ ဖြစ်ပါတယ်။

အစွန်းရောက်ဘင်္ဂါလီတွေရဲ့ အကြမ်းဖက်နယ်မြေလု စစ်ပွဲအဆင့်အထိ ဘာကြောင့်ဖြစ်ပွားရသလဲဆိုတဲ့ အခြေခံအကြောင်းအရင်းတွေ ရှိပါတယ်။ ဒီအကြောင်းအရင်းတွေကတော့ ဘင်္ဂါလီများ ခေတ်အဆက်ဆက်မှ ယနေ့အထိ ခိုးဝင်နေမှုများကို တားဆီးနိုင်မှုမရှိလို့ပါပဲ။ ဥပမာ အိန္ဒိယမှာ ဆိုလို့ရှိရင် နယ်စပ်ခြံစည်းရိုးကို ခိုးဝင်ဖြတ်ကျော်လာတဲ့ ဘင်္ဂါလီများကို နယ်ခြားစောင့် VSS တပ်ဖွဲ့က တစ်ခါတည်း အသေပစ်သတ်လိုက်ပါတယ်။ ဖမ်းမနေတော့ပါဘူး။ ၂၀၀၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း ခိုးဝင်လာသူ ဘင်္ဂါလီလူမျိုး(၁၅၁)ဦးကို VSS တပ်ဖွဲ့ရဲ့ ပစ်သတ်မှုကြောင့် သေဆုံးပြီးဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ကျွန်တော်တို့ဆီမှာလည်း အဲဒီလိုပြတ်သားဖို့ မလိုအပ်ဘူးလား။ နောက်တစ်ချက်က မိန်းမများများယူ စနစ်ကို ကျင့်သုံးပြီး မွေးဖွားနှုန်းမြင့်မားအောင် ကြိုးစားနေမှုကိုလည်း ထိန်းချုပ်ဖို့ လိုအပ်နေပါတယ်။ ခိုးဝင်ဘင်္ဂါလီများကို မောင်တောဒေသမှာ ပိတ်လှောင်ထားတာကိုလည်း ပြန်လည်သုံးသပ်ဖို့

လိုအပ်နေပြီ ဖြစ်ပါတယ်။ စုစည်းထားတော့ အားရှိတယ်။ အားရှိတော့ အိမ်ရှင်ဖြစ်တဲ့ ရခိုင်လူမျိုးကို ဧည့်သည်ဖြစ်တဲ့ ဘင်္ဂါလီက ရန်စတယ်။ ဒီလိုပိတ်လှောင်ထားတဲ့အတွက် ရခိုင်ပြည်နယ် အထိနာပါတယ်။ ကျန်တဲ့တိုင်းဒေသကြီး၊ ပြည်နယ်တွေကတော့ အေးဆေးပါပဲ။ ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဟာ For Show သဘောမျိုး ဖြစ်နေ ပါတယ်။ လက်တွေ့ကျင့်သုံးဖို့ လိုအပ်နေပါတယ်။

နောက် NGO, INGO, UN လက်အောက်ခံ အဖွဲ့အစည်းများကိုလည်း စိစစ်ပြီးမှ ခွင့်ပြု သင့်ပါတယ်။ အာရဗီစာသင်ကျောင်းများနှင့် ဗလီများကို လျှော့ချပစ်ရပါမယ်။ ပြည်ပအကြမ်းဖက် အဖွဲ့အစည်းများနဲ့ ချိတ်ဆက်နေခြင်းများကို လေ့လာစုံစမ်း ဖော်ထုတ်ပေးရပါမယ်။ နောက်ဆုံး အချက်ကတော့ ဘင်္ဂါလီ အကြမ်းဖက်အုပ်စုများ ခိုင်မာစွာ ခြေကုတ်မယူနိုင်မီ အမြန်ရှင်းထုတ်ပေးရန် လိုအပ်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်ပြောလိုတာကတော့ ဥက္ကဋ္ဌကြီးအပါအဝင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးဟာ လက်ရှိမှာ လွှတ်တော်ရဲ့သမိုင်းကို ရေးနေကြသူများ ဖြစ်ပါ တယ်။ အခု ဘင်္ဂါလီအကြမ်းဖက်မှုများဟာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာနဲ့ သက်ဆိုင်နေတဲ့ အရေးကိစ္စတစ်ရပ် ဖြစ်ပါတယ်။ ဒီဒေသရဲ့ ပကတိဖြစ်ရပ်မှန်ကို မျက်ကွယ်ပြုပြီးတော့ ဒီအဆိုကို မှတ်တမ်းအဆင့်သာ ထားရှိမယ်ဆိုရင်လည်း ဒါလွှတ်တော်ရဲ့သမိုင်းအဖြစ် ကျန်ခဲ့မှာပါပဲ။ ကဲ ကျွန်တော်တို့ ဘယ်လိုရေးထားခဲ့မလဲ။ အားလုံး ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည် ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဗိုလ်ချုပ်အောင်စိုး (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် တင်သွင်းတဲ့ အဆိုအပေါ်မှာ ရှင်းလင်းတင်ပြ သွားမှာ ဖြစ်ပါတယ်။

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့ မောင်တောခရိုင်အတွင်း အကြမ်းဖက် တိုက်ခိုက်မှုများကို Aqua Mul Mujahidin အကြမ်းဖက်အဖွဲ့မှ ဟာဘေ့စ်တူဟာရ် ဦးဆောင်တဲ့ အဖွဲ့ကနေ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း စိစစ်ဖော်ထုတ်သိရှိရပါတယ်။ ဟာဘေ့စ်တူဟာရ်ဟာ မောင်တောမြို့နယ်၊ ကျောက်ပြင်ဆိပ် အလယ်ရွာဇာတိဖြစ်ပြီးတော့ ပါကစ္စတန်နိုင်ငံသား အဖြစ်ခံယူ ထားကြောင်း တာလီဘန် အကြမ်းဖက်အဖွဲ့မှာ (၆)လခန့် သင်တန်းတက်ရောက်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ မှာ ပြန်လည်နေထိုင်ခဲ့ကြောင်း၊ ပါကစ္စတန်နိုင်ငံအခြေစိုက် တာလီဘန် အကြမ်းဖက်အဖွဲ့မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တာဝန်ခံ အဒူဟာမစ်နှင့်ပူးပေါင်းပြီး ကူတူပါလောင်၊ နိုရာပါရာ၊ လေဒါ ဒုက္ခသည်

စခန်းများမှ လူငယ်များကို စုဆောင်းပြီး အကြမ်းဖက်သင်တန်းများကို လျှို့ဝှက်စွာ သင်ကြားပေးခဲ့ကြောင်းလည်း စိစစ်ဖော်ထုတ် သိရှိရပါတယ်။

ထိုအဖွဲ့ရဲ့ ခေါင်းဆောင်ပိုင်းများဟာ RNSC အဖွဲ့ ခေါင်းဆောင်များနဲ့ ပူးပေါင်းဖို့အတွက် ညှိနှိုင်းဆွေးနွေးခဲ့တဲ့အခါမှာ အဆင်ပြေမှုများ မရှိခဲ့တဲ့အတွက် ၂၀၁၇ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့မှာတော့ ARU အဖွဲ့ရဲ့ ကြားဝင်စေ့စပ်ပေးမှုကြောင့် ၎င်းတို့အဖွဲ့ပူးပေါင်းပြီး ဟာဘေ့စ်တူဟာရ် ကို စစ်ရေးအရ ခေါင်းဆောင်အဖြစ်ခန့်အပ်ပြီး အဖွဲ့အမည်ကိုတော့ ARSA ဟု ပြောင်းလဲသတ်မှတ်ပြီး အကြမ်းဖက်လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်းလည်း ဖော်ထုတ်သိရှိရပါတယ်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် နယ်ခြားစောင့်ကင်းစခန်းများ တိုက်ခိုက်ပြီးတဲ့နောက်မှာ အဘူအာမတ်ဇူလူနီ ဆိုသူဟာ လူမှုကွန်ရက်မှာ ဝါဒဖြန့်တဲ့ Vedio Clip တွေကို ထုတ်ဖော်ခဲ့သော်လည်းပဲ အဖွဲ့ရဲ့အမည်ကိုတော့ ရှင်းလင်းစွာ ပြောဆိုခဲ့မှုမရှိကြောင်းလည်း တွေ့ရှိရပါတယ်။ ဒါ့အပြင် International Crisis Group( ICG)ရဲ့ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှာ ထုတ်ပြန်ခဲ့တဲ့ Asia Report N0.283 အစီရင်ခံစာဖော်ပြချက်များနဲ့ အခြားသောသတင်းအချက်အလက်များအရ စိစစ်ကြည့်တဲ့အခါမှာ တိုက်ခိုက်တဲ့အဖွဲ့ဟာ Harakah Al Yaqin အတိုကောက်အားဖြင့် HaY လို့ခေါ်တဲ့ (The Faith Movement of Arakan) အဖွဲ့ဖြစ်ကြောင်း ၂၀၁၇ ခုနှစ်၊ မတ်လ (၂၉) ရက်နေ့မှာ ARSA ဆိုသောအဖွဲ့မှ ကြေညာချက်တစ်စောင်ထုတ်ပြန်ပြီး မောင်တောဒေသအတွင်း တိုက်ခိုက်လှုပ်ရှားမှုများကို ဆောင်ရွက်နေပြီဖြစ်ကြောင်း ဖော်ပြပြီးတော့ လိုလားချက်များကိုလည်း တောင်းဆိုခဲ့ကြောင်း၊ အဆိုပါ ကြေညာချက်မှာ Ata Ullah ဆိုသူကနေ စစ်ရေးတာဝန်ခံအဖြစ် လက်မှတ်ရေးထိုးပြီး ရိုက်နှိပ်ထားတဲ့ တံဆိပ်တုံးအတွင်းမှာလည်း ARSA- ALYAQEEN Faith Movement ကို ဖော်ပြထားကြောင်းလည်း တွေ့ရှိရပါတယ်။ ARSA အဖွဲ့ခေါင်းဆောင် Ata Ullah ဆိုသူ MMA, HaY အဖွဲ့များရဲ့ ခေါင်းဆောင် အဘူအာမတ်ဇူလူနီ ဆိုသူဖြစ်ကြောင်း ဝါဒဖြန့် Vedio Clip များအရ ဖော်ထုတ်သိရှိရပါတယ်။

မောင်တောဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့် စပ်လျဉ်းပြီး ပြစ်မှုကျူးလွန်သူတွေကို ရာဇသတ်ကြီးဥပဒေနဲ့ အထူးဥပဒေများမှာ ပြဋ္ဌာန်းထားတဲ့ ပြစ်မှုများအဖြစ် အမှုဖွင့်အရေးယူ စုံစမ်းစစ်ဆေးပြီးတော့ စစ်ဆေးပေါ်ပေါက်ချက်များအရလည်း သက်ဆိုင်ရာဥပဒေရုံးများသို့ ဥပဒေအကြံပြုချက်များတောင်းခြင်း၊ ဥပဒေရုံးများရဲ့ အကြံပြုချက်နဲ့အညီ တရားရုံးများ၊ တရားစွဲတင်ခြင်း၊ ပြစ်မှုကျူးလွန်သူများကို ထိုက်သင့်တဲ့ ပြစ်ဒဏ်ရရှိစေရေးလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဖြစ်စဉ် စတင်ဖြစ်ပွားခဲ့တဲ့ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့အထိ စုစုပေါင်း (၄၆၆)မှု ဖမ်းဆီးအရေးယူခဲ့ပြီး တရားရုံးစစ်ဆေးမှု (၁၁၆)မှု၊ တရားရုံး စစ်ဆေးဆဲအမှု (၁၄၇)၊ ရဲစစ်ဆေးဆဲအမှု (၁၈၀)မှု၊ ပိတ်သိမ်းဆဲ၊ ပိတ်သိမ်းမှု (၂၃)မှု ဆောင်ရွက်ထားရှိကြောင်း တင်ပြအပ်ပါတယ်။

အမှတ်(၁)နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့တာဝန်ယူရတဲ့ နယ်မြေအတွင်းမှာရှိတဲ့ တိုင်းရင်းသားကျေးရွာ(၃၄၉)ရွာနဲ့ တိုင်းရင်းသားကျေးရွာ(၈၀)မှာတော့ နယ်မြေရုံး၊ ရဲစခန်း၊ ရဲကင်းများကို အသီးသီးဖွင့်လှစ်ပြီး လုံခြုံရေးတာဝန်များကိုလည်း ထမ်းဆောင်လျက်ရှိပါတယ်။ မောင်တောခရိုင်အတွင်း

အစွန်းရောက်အကြမ်းဖက်များက အကြမ်းဖက်လုပ်ရပ်များကို တိုးမြှင့်ဆောင်ရွက်လာပြီး အကြမ်းဖက်သတ်ဖြတ်မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိတဲ့အခါ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့မှာတော့ ရသေ့တောင်မြို့နယ်၊ ကိုင်းကြီးကျေးရွာအတွင်း တောင်ယာလုပ်ငန်းလုပ်ကိုင်နေတဲ့ အပြစ်မဲ့ မြို တိုင်းရင်းသား(၇)ဦး အကြမ်းဖက်သတ်ဖြတ်ခဲ့တဲ့ ဖြစ်စဥ်လည်း ဖြစ်ပွားခဲ့ပါတယ်။ ဒါကြောင့် ကိုင်းကြီးကျေးရွာမှာလည်း ယာယီရဲစခန်းတစ်ခုကို ထပ်မံတိုးမြှင့်ဖွင့်လှစ်ပြီးတော့ တပ်မတော်နှင့်ပူးပေါင်း၍ နယ်မြေရှင်းလင်းရေး ဆောင်ရွက်ခဲ့ပါတယ်။

ဒါ့အပြင် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့ နံနက်ပိုင်းမှာတော့ အစွန်းရောက် ဘင်္ဂါလီ အကြမ်းဖက်သမားများဟာ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ် အတွင်းမှာရှိတဲ့ လုံခြုံရေးဆောင်ရွက်နေတဲ့ ရဲကင်းစခန်း(၃၀)နဲ့ တောင်ဘဇာကျေးရွာအနီးရှိ နယ်မြေခံတပ်ရင်းဌာနချုပ်တို့ကို တစ်ချိန်တည်း အလစ်အငိုက် အကြမ်းဖက်တိုက်ခိုက်ခဲ့တဲ့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်(၁၀)ဦး၊ တပ်မတော်သား (၁)ဦး၊ စုစုပေါင်းလုံခြုံရေးတပ်ဖွဲ့ဝင် (၁၁)ဦးနဲ့ လူမှုကြီးကြပ်ရေးဝန်ထမ်းတစ်ဦးတို့ကျဆုံးပြီး၊ လုံခြုံရေးတပ်ဖွဲ့ဝင်(၉)ဦးနဲ့ အပြစ်မဲ့ အရပ်သားပြည်သူများ ဒဏ်ရာရရှိကာ လက်နက်(၆)လက် ဆုံးရှုံးခဲ့ပါတယ်။ ဒါ့အပြင် အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများဟာ အကြမ်းဖက်လုပ်ရပ်များကိုလည်း ဆက်လက်လုပ်ဆောင်လျက်ရှိပါတယ်။

ဒါ့ကြောင့် မောင်တောခရိုင်အတွင်း နိုင်ငံတော်အစိုးရအနေနဲ့ တည်ဆဲဥပဒေ၊ စည်းမျဥ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နေသည်ကို အခွင့်ကောင်းယူပြီး အစွန်းရောက်အကြမ်းဖက်များက အကြမ်းဖက်လုပ်ရပ်များကို တိုးမြှင့်ဆောင်ရွက်လာတဲ့အတွက် အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများနှင့် ယင်းအကြမ်းဖက်သမားများအတွက် တာဝန်ရှိသော ARSA တို့ကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့မှာ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်အုပ်စုအဖြစ် အကြမ်းဖက်တိုက်ဖျက်ရေးဗဟိုအဖွဲ့က ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အတည်ပြုချက်ရယူပြီး ကြေညာထားရှိခဲ့ပြီး ဖြစ်ပါတယ်။ အကြမ်းဖက်သမားများကို ရှာဖွေဖော်ထုတ်ချေမှုန်းရာမှာ ကလေးသူငယ်များကို ရှေ့မှာထားပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရန်ပြုခြင်း၊ လူနည်းစု တိုင်းရင်းသားကျေးရွာများကို လူအုပ်စုဖြင့် ဝင်ရောက်၍ မီးရှို့ခြင်း၊ အကြမ်းဖက်သတ်ဖြတ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယင်းအကြမ်းဖက်မှုများမှာ ပါဝင်တဲ့ လူပုဂ္ဂိုလ်အားလုံးဟာ အကြမ်းဖက်မှုမြောက်မည် ဖြစ်ပါကြောင်းနှင့် အစွန်းရောက် ဘင်္ဂါလီ အကြမ်းဖက်သမားများနဲ့ ပတ်သက်စပ်ဆက်ခြင်းမရှိဘဲ အေးချမ်းစွာ နေထိုင်လိုသူများအနေနဲ့ စိုးရိမ်ထိတ်လန့်ခြင်းမရှိဘဲ အုပ်ချုပ်ရေးတာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနဲ့ ပူးပေါင်းဆောင်ရွက်ကြပြီး ဒေသတည်ငြိမ်အေးချမ်းရေးကိုပါ ဆောင်ရွက်ကြရန် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့မှာ နိုင်ငံတော်အတိုင်ပင်ခံရုံးမှ အသိပေး တိုက်တွန်းထားရှိပါတယ်။

ဒါ့အပြင် အကြမ်းဖက်တိုက်ဖျက်ရေးဟာ ကမ္ဘာ့မိသားစုဝင် ပြည်သူများ၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရများ အားလုံးရဲ့ ဘုံအကျိုးစီးပွားဖြစ်တဲ့အတွက် အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများနဲ့ ARSA အကြမ်းဖက်အုပ်စုနဲ့ ပတ်သက်၍ ဆန့်ကျင်တိုက်ဖျက်သွားရန် အထူးအရေးကြီးကြောင်း အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများ ARSA အကြမ်းဖက်အုပ်စုကို ဆန့်ကျင်တိုက်ဖျက်ရာမှာ ထောက်ခံခြင်း၊ အားပေးကူညီရာ ရောက်စေ

သော ပြုမူလုပ်ဆောင်ချက်များ လုပ်ဆောင်ခြင်း၊ ထောက်ပံ့ခြင်း၊ မီဒီယာများမှ ထောက်ခံရေးသားခြင်း စသည်တို့ကို မပြုလုပ်ရန်နှင့် ပြည်တွင်း၌ ထိုသို့ လုပ်ဆောင်ချက်များတွေ့ရှိပါက အကြမ်းဖက် တိုက်ဖျက်ရေးဥပဒေနဲ့အညီ အရေးယူသွားမည်ဖြစ်ပြီး ပြည်ပမှ လုပ်ဆောင်ချက်များတွေ့ရှိပါက နိုင်ငံတကာရဲတပ်ဖွဲ့သို့ အသိပေးဆောင်ရွက်သွားမည် ဖြစ်ကြောင်းကိုလည်း ထုတ်ပြန်ထားရှိပြီး ဖြစ်ပါ တယ်။

တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ လုံခြုံရေးအင်အားများကို တိုးမြှင့်ချထားပြီး ဒေသ လုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းရေးအတွက် ဖော်ဆောင်လျက်ရှိသကဲ့သို့ ဒေသခံတိုင်းရင်းသားများ ကျေးရွာများမှာ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆက်လက်ရပ်တည်နေနိုင်ရေးအတွက် ရခိုင်ပြည်နယ်ရှိ မောင်တော မြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ ရသေ့တောင်မြို့နယ်များသို့ ပြည်ထောင်စုဝန်ကြီးများနှင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ စဉ်ဆက်မပြတ်သွားရောက်၍ ဒေသလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်နေသကဲ့သို့ ဒေသတွင်း လက်ရှိအခြေအနေများအရ လုံခြုံရေးနှင့်တရားဥပဒေ စိုးမိုးရေးလုပ်ငန်းစဉ်များ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် စစ်တွေခရိုင်နဲ့ မောင်တောခရိုင်အတွင်းမှာရှိတဲ့ ဆက်စပ်တဲ့လမ်း၊ တံတား များနဲ့ မေယုတောင်ကြော အရှေ့အနောက်ဆက်သွယ်တဲ့ တောင်ကြောလမ်းများ၊ လမ်းကွန်ရက်များကို ဦးစားပေး၍ လုပ်ဆောင်လျက်ရှိတဲ့အပြင် လျှပ်စစ်ဓာတ်အား မရရှိသေးတဲ့ မြို့ရွာများသို့ နိုင်ငံတော် လျှပ်စစ်ဓာတ်အားပေးစနစ်မှ ရယူဖြန့်ဖြူးပေးနိုင်ဖို့အတွက်လည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါတယ်။

နိုင်ငံတော်အနေနဲ့ ရခိုင်ပြည်နယ်အတွင်း အုပ်ချုပ်ရေး ယန္တရားကောင်းမွန်စွာ လည်ပတ် နိုင်ရန်နဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတိုရေရှည်စီမံကိန်းများဖြင့် ဖြေရှင်းကြိုးပမ်းဆောင်ရွက် လျက် ရှိတဲ့အပြင် လတ်တလောနေရပ် စွန့်ခွာနေရသူများရဲ့ လုံခြုံရေးနဲ့ ရေရှည်ရပ်တည်နေနိုင်ရေးတို့ အတွက်လည်း အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ သို့ပါ၍ အစွန်းရောက် အကြမ်းဖက်သမား များနှင့် အားပေးကူညီသူများကို အကြမ်းဖက်ဥပဒေနဲ့အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက် သွားမည် ဖြစ်ပါကြောင်း၊ လိုအပ်သည့်ဒေသများမှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ညမထွက် ရအမိန့် ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသခံတိုင်းရင်းသားများကို အကာအကွယ်ပေးနိုင်ရေး အတွက် တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ လုံခြုံရေးအင်အားများကို တိုးမြှင့်ချထားဆောင်ရွက် ပေးလျက်ရှိပြီး ဒေသဖွံ့ဖြိုးရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အဆိုရှင်၏ အဆိုအား အတည်ပြုသင့်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးခင်မောင်လတ် အဆို တင်သွင်းထားတဲ့ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်

မြို့နယ်များတွင် လှုပ်ရှားနေသော အကြမ်းဖက်အဖွဲ့ဝင်များကို ဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေအရ အရေးယူပေးရန်နှင့် ယင်းတို့၏ ခြိမ်းခြောက်မှုကြောင့် လောလောဆယ် နေရပ်စွန့်ခွာ ထွက်ပြေးလာကြသော တိုင်းရင်းသားများ၏ကျေးရွာများ ဆက်လက်ရပ်တည်နိုင်ရေးအတွက် အရေး တယူ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ/ မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာမှာ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်း ဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြု သည့် နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

ထောက်ခံမဲ(၁၈၇) မဲ၊ ကန့်ကွက်မဲ(၁) မဲ၊ ကြားနေမဲ (၃) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဦးခင်မောင်လတ် ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာ ပါတယ်။(ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၅၃)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၂)ရက်မြောက်နေ့ကို ရပ်နားပါ မယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၃)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၂)ရက်မြောက်နေ့ကို ၁၁း၀၂ နာရီအချိန်တွင် ရပ်နားပါသည်။]